# ၃၄း ယုံကြည်ခြင်း၏ပြည့်စုံခြင်း

ဟေဗြဲ ၁၁း၁-၃၊ ၃၂-၄၀၊ ၁၂း၁-၂

ယုံကြည်ခြင်းသည် မျှော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။

**ထိုပါရမီကြောင့်၊ ရှေးလူဟောင်းတို့သည် ချီးမွမ်းတော် မူခြင်းကို ခံရကြ၏။**

ယခုမြင်ရသော အရာတို့သည်၊ အရင်ထင်ရှားသော  အရာထဲကမဖြစ်ဘဲ လောကဓါတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာ တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။

**ထိုမှတပါး၊ အဘယ်သို့ ပြောစရာ ရှိသေးသနည်း။ ဂိဒေါင်၊ ဗာရက်၊ ရှံဆုံ၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလ မှစ၍ ပရောဖက်တို့ အကြောင်းများကို ပြော၍မကုန်နိုင်။**

ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသော  တိုင်းနိုင်ငံကို အောင်ခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ကတိတော်ကို ဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း။

**မီးအရှိန်ကို ငြိမ်းစေခြင်း၊ ဓားလက်နက် ဘေးနှင့် ကင်းလွတ်ခြင်း၊ အနာမှ ထမြောက်၍ ကျန်းမာခြင်း၊ စစ်တိုက်သောအခါ ခွန်အားနှင့် ပြည့်စုံခြင်း၊ တပါး အမျိုးသားတို့၏ တပ်များကို ဖျက်ဆီးခြင်း အမှုများကို ပြုကြ၏။**

မိန်းမတို့သည်လည်း၊ သေခြင်းမှထမြောက်သော  မိမိတို့သားကို ရပြန်ကြ၏။ အချို့သော သူတို့သည်၊ သာ၍ မြတ်သော ထမြောက်ခြင်းသို့ ရောက်လို သောငှာ၊ လွှတ်ခြင်းကိုမခံယူဘဲ ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံကြ၏။

**အချို့သော သူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ခြည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာ နေရသဖြင့်၊ စုံစမ်းခြင်းကို ခံရကြ၏။**

ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်း တိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓားလက်နက်နှင့် ကွပ်မျက်ခြင်းကို ခံရကြ၏။ အလွန်ဆင်းရဲလျက် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံလျက်၊ သိုးရေ၊ ဆိတ်ရေကိုဝတ်၍ လှည့်လည်ရကြ၏။

**ဤလောကသည် ထိုသူတို့နှင့် မထိုက်မတန်၊ သူတို့သည် တောကြိုတောင်ကြား၊ ဥမင်မြေတွင်းထဲမှာ အပြောင်းပြောင်း အလည်လည် နေရကြ၏။**

ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်း အားဖြင့် ချီးမွမ်းခြင်းသို့ ရောက်သော်လည်း ကတိတော်အတိုင်း အကျိုးကျေးဇူးကို မခံရကြ။

**အဘယ်ကြောင့်နည်း ဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့ မရောက် ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့အဖို့အလို့ငှာ သာ၍မြတ်သော ကျေးဇူးကို ကြံစည်တော်မူ၏။**

ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေ  အပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက် ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုလည်းကောင်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကိုလည်းကောင်း၊ ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသော ပန်းတုံးတိုင်သို့ ရောက်ခြင်းငှာ၊ အားမလျော့ဘဲ ပြေးကြကုန်အံ့။

**ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှု ကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ ထားသောဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သော အရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ယာဘက်၌ ထိုင်နေတော်မူ၏။**